

# လူကြိုက်နည်းတဲ့ကောင်

ဈေးထဲမှာ ကိုယ်ထည်ပြည့်ပြည့် အရသာရှိရှိ
ရေချိုငါးသလောက်ကြီးက ၁၈ကျပ်တဲ့ ။
နာမည်လည်းဖျင်း အဆီအသားလည်းဖျင်းတဲ့
ငဖျင်းက ၂၈ကျပ် ဈေးတဲ့ ။
ဒါနဲ့ ဆိုင်ရှင်ကို မေးကြည့်မိတယ် ။
ဘာဖြစ်လို့များ အရသာလည်းရှိ ကိုယ်ထည်လည်းပြည့်တဲ့
ရေချိုငါးသလောက်က ဈေးနည်းနေရတာလဲလို့ ။
လူကြိုက်နည်းလို့တဲ့ ။
ငါးဖျင်းကတော့ လူကြိုက်များလို့ ဈေးကြီးတယ်တဲ့ ။
ဟုတ်ကဲ့ မောင်ချောနွယ်ဟာ
လူကြိုက်နည်းတဲ့ကောင် ။

မိုက်ရိုင်း ထွားကျိုင်းလှချည်ရဲ့
မတ်တပ်စာတောင် မဖူမလုံနဲ့ကောင်
တုံးလုံးစာ ဝေလာဝေးလို့ ခန္ဓာကိုယ်နဲ့ ကောင်လေ။

ဘယ်လိုလဲ ဆိုတော့ကာ
အင်မတန် သန်းများတဲ့ မိန်းမခေါင်းပေါ်
သန်းတွေ တရွရွ တစိစိ ပွတက်နေသလိုမျိုးလေ
ကဗျာတွေက သူ့ကိုယ်ပေါ်မှာ။

အပေါ်စား ရက်စတော့ရင့်တွေက
အလကားရတဲ့ ဆာဒါးဟင်းချိုရည်တွေနဲ့
သူ့ဘဝကို မတည်ဆောက်လိုဘူးတဲ့။

ဒါပေမယ့် ခက်ရပုံများ
စားပွဲပေါ်မှာ သည်ဟင်းချိုရည်တစ်ခွက်ပဲ
ပူပူနွေးနွေး ရှိလေတာ။

နွမ်းပါးတဲ့ အောက်ခြေ လူတန်းစားတွေနဲ့
ဒူးတင်ပေါင်တင် တစ်တန်းတည်း နေပေမယ့်
ဘုံဆန်တဲ့ အိမ်သာမျိုးကျ
သင်းက မကြိုက်ပြန်ဘူးတဲ့။

အရက်ဖြူကို ယဉ်ကျေးမှု မြှင့်သောက်တတ်သေး
ဖိမ်ခံရကောင်းမှန်း သိတတ်သေး
အသုံးချ သောက်ရမည်မှန်း သိတတ်သေး
မူးလာရင် ထကဖို့
ဘယ်တော့မှ မမေ့တတ်တဲ့ကောင်လေ
ဘဝမှာ
သံအမတ်ကလည်း ဖြစ်ခဲ့ချင်သေးသတဲ့။

စကားပြောရာမှာ
အထက်တန်းကျအောင်
တော်ဝင်အောင် ပြောတတ် ပြောနိုင်ပေမယ့်
သူတစ်ဖက်လူကို အမှန်တကယ် ပြောခဲ့တာနဲ့
သူပြန်ပြောပြတဲ့အခါ
ပိုပြောတတ်တဲ့ ဉာဉ်ကလည်း ရှိသေး။

ပါးတဲ့နေရာမှာ ခြင်ထောင်ဇာထက် ပါးပေမယ့်
တကယ့်လက်တွေ့မှာ မကျင့်သုံးဖြစ်လို့
လူတွေက ထူတယ်လို့
အထင်ခံရမြဲ ကောင်လေ။

တစ်ခါတစ်ရံတော့လည်း
ဂျစ်ကားပေါ်မှာ
ပေါင်သားအလှ ပေါ်လွင်အောင်
အချိုးကျကျ ထိုင်တတ်တဲ့
အရွယ်ရှိရှိ အရာရှိကတော် တစ်ယောက်လိုလေ
အဲသည့် ကဗျာဆရာဆိုတဲ့ ကောင်ဟာ
နေထိုင်တတ်သေးတယ်။

သူ့သွေးကြောထဲမှာ ဂြိုဟ်တွေ
ကဗျာဆိုတဲ့ ပါပဂြိုဟ်တွေ
စူးဝင်စီးဝင်လို့
မောင်ချောနွယ် ဆိုတဲ့ကောင်ဟာ
ကမ္ဘာပတ် လမ်းကြောင်းထဲမှာ နေတာလို့
ကြက်ရင်အုပ်လောက်သာရှိတဲ့ သူ့ရင်အုံကို
ကော့ကော့ပြတတ်သေး။

သွေးစိမ်း တစ်ပေါက်ပေါက်နဲ့
တည်ဆောက်ခဲ့ရတဲ့ သူ့ဘဝခရီး
ဂီယာကုန် လီဗာကုန်မောင်းနှင်ခဲ့
သူ့ဘဝကို သားရေတစ်ပြားစာယူ
ခင်းကျင်းကြည့်လိုက်ရင်
မြို့တစ်မြို့ တည်နိုင်တယ်
မြစ်တစ်မြစ် စီးဆင်းသွားနိုင်ပေရဲ့။

ဒီကောင်က အသည်းက ခပ်ငယ်ငယ်ရယ်လို့
သူ့မွေးသမိခင်က ခဏခဏ
လူကြားထဲ ပြောခံရတဲ့ကောင်ပေါ့
ဘဝကို ရင်ခုန်သလို အရင်းအတိုင်းနေခဲ့။

နာကျင်တဲ့အခါ မအော်ဘဲ
ပျော်ရွှင်တဲ့အခါ ရယ်မောဖို့ နောက်မကျခဲ့ဘူး
သူ့အတိဒုက္ခကို တစ်ဖက်လူက
သိရှိလက်ခံပေမယ့်
သူက သူ့ဒုက္ခအပေါ်
ကိုယ်ဖော့ဖော့ နေတတ်လွန်းလို့
တစ်ဝက်ကူညီစာနာမှုသာ ရရှိခဲ့သူပေါ့။

ကုသိုလ်ကံ လိုက်ပံ့ကလည်း
ပါးစပ်နဲ့ ကူညီပြီး လက်မပါတဲ့ မိတ်ဆွေ
ပေါပြည့်လှတဲ့ကောင်ပေပဲ။

ခုံးထ ကမ္ဘာမြေကြီး
အခိုးအငွေ့ သစ်ကိုင်းနဲ့
အဲသည်သစ်ကိုင်းပေါ်က ယောင်ကိုင်းပြည်တည်နာ
မြစ်နဲ့ကမ္ဘာဦးကို တူးဆွလာတဲ့လက်
အမှန်တရားကတော့ လူတွေလိုပါပဲ
အောင်စ နည်းနည်းရယ်ပါ
သာမန်လူနဲ့ မတူတဲ့အရာဆိုလို့
ဒါတွေပဲ သူ့မှာ ရှိရဲ့။

ကျန်တာတွေကတော့
သာမန်လူတွေဆောင်ကြဉ်းနိုင်တဲ့စွမ်းရည်
သူ့မှာ ခပ်နည်းနည်းရယ်
ဥပမာ
မြို့မျက်နှာဖုံး သူဌေးမဖြစ်ခဲ့ဖူးဘူး
အရာရှိ မဖြစ်ခဲ့ဖူးဘူးပေါ့။

တစ်ခုခုကိုမြင်ရင်
သွားရေတများများနဲ့ ဖြစ်တာမျိုးကို
သိပ်ရွံ့ရှာတဲ့ကောင်
ငယ်ငယ်က ဟိုဝါဒသည်ဝါဒတွေကို နည်းနည်းမြည်းစမ်းဖူး။

ခုတော့
မင်္ဂလာတရားနဲ့ အညီလေ
ငါးအပုပ်စားရပေမယ့်
ဗြဟ္မစိုရ်တရား လက်ကိုင်ထားလို့
ဘယ်သူတွေများ ငါးပုပ်စားရလို့
ဗြဟ္မစိုရ်တရား လက်ကိုင်ထားနိုင်ခဲ့လို့လည်း။

အဆုတ်မကောင်း
အသက်ရှူပြွန်တွေက မကောင်းလှပေမယ့်
မြေအောင်းနှစ်ချို့ဝိုင်ကောင်းကို ကြိုက်သေး
ဗာဂျီနီးယားကောင်းတဲ့ စီးကရက်ကို ကြိုက်သေး
အရက်ကလေးထွေထွေနဲ့ သူ့မိတ်ဆွေသူငယ်ချင်းတွေအပေါ်
သူ့ပေါင်းသင်းနေထိုင်ခဲ့ပုံက မယားတစ်ယောက်လိုလေ။

ဘာသာစကားအမျိုးမျိုး ပြောင်းမပြောတတ်လို့
ဖိနပ်အမျိုးမျိုး ပြောင်းမစီးတတ်လို့
ခဏခဏ အပြစ်တင်ခံရတဲ့ကောင်ပေါ့
ကိုယ့်သားအရွယ် ညီအရွယ်ကောင်တွေက
လိမ်တာညာတာကို လိမ်တာမှန်းသိသိနဲ့ ခံပြီး
သာယာနေတတ်တဲ့ကောင်လေ။

အပေါင်းအသင်း သူငယ်ချင်းတွေအပေါ်
လင်ကိုလုပ်ကျွေးတဲ့ မယားကောင်းလို ပေါင်းခဲ့ပေမယ့်
နှစ်ပေါင်းလေးဆယ်လုံးလုံး
သူ့ဘဝ သူ့ခန္ဓာအပေါ်ကျ မကောင်းခဲ့တဲ့သူလေ
မည်မဝယ်နဲ့ အနေအထိုင်မတတ်ဘူးလို့
ရင်ဘတ်ဆွဲကြိုးနဲ့ ကောင်တွေရဲ့ အဝေဖန်ခံရလှပေါ့။

သူ့ကံလိုက်ပုံကလည်း
လူပါမက နတ်ပါမုန်းအောင် ပြောတတ်တဲ့
ပါးစပ်ကြီးနဲ့ အဆွေခင်ပွန်း ဖြစ်ခဲ့ရသေး
အဲသည်ပါးစပ်ကြီးရဲ့ စကားပင်လယ်မှာ
အသက်လေးဆယ်နား ကပ်နေတာတောင်
အနေအထိုင် မတတ်သေးဘူးလို့
ရေနှစ်နှစ် နေရသေး။

တကယ်တော့
ဒါ သူ့မိမွေးတိုင်း ဖမွေးတိုင်းပါ
သူ့နှုးညွံ့သိမ်မွေ့မှုပါ
သူ့ယဉ်ကျေးတဲ့ သွေးကြောပါ
နတ်ဆိုးတို့ပါးစပ်မှာ
ပလပ်ခံရတဲ့
သူ့ကိုယ်ပိုင်အတွင်းသားပါ။

**ဟန်သစ်မဂ္ဂဇင်း အမှတ် (၁) ၁၉၈၉**